# အဖွဲ့အစည်းများကိုအခြေခံ၍လိင်အဓမ္မပြုကျင့်ခဲ့ရသည့်အမျိုးသမီးများ ဘဝဆက်လက်ရှင်သန်ရန်ပြုစုပျိုးထောင်ပေးသည့်အဖွဲ့

BMA, KDHW, GHAP နှင့်အမျိုးသမီးဒုက္ခသည်ကော်မရှင်မှပြုလုပ်သောအဖွဲ့အစည်း အခြေစိုက်စံပြစီမံကိန်းတစ်ခု၏ရလဒ်များ။

ဇူလိုင် –အောက်တိုဘာ ၂၀၁၁

## ကျန်းမာရေးလုပ်သားများအတွက်အစီရင်ခံစာ

### ကျွန်ုပ်တို့ဘယ်သူတွေဖြစ်သလဲ။

အမျိုးသမီးဒုက္ခသည်ကောင်မရှင်သည်အမေရိကန်နိုင်ငံနယူးယောက်မြို့တွင်အခြေစိုက်ပြီးဒုက္ခရောက်နေရသူးများအားကူညီထောက်ပံ့ပေးရန်ဆောင်ရွက်ပေးနေသည့်အဖွဲ့စည်းတစ်ခုဖြစ်သည်။၎င်းအဖွဲ့စည်းသည်ဒုက္ခသည်များ၊ဒေသတွင်းနေရာပြောင်းရွှေ့ခံရသည့်အမျိုးသမီးများ၊ကလေးများနှင့်တစ်ကမ္ဘာလုံးရှိလူငယ်များ၏အခွင့်အရေးနှင့်ဘဝကိုမြှင့်တင်ပေးရန်တရားဥပဒေ၊မူဝါဒရေးရာနှင့်စီမံချက်များပြောင်းလဲပြင်ဆင်မှုအတွက်ထောက်ခံရပ်တည်ကူညီပေး နေသည့်အဖွဲ့အစည်းဖြစ်သည်။

### စီမံကိန်းသည်ဘာတွေကိုလုပ်ဆောင်ခဲ့သလဲ။

ဗမာဆေးကျမ်းမာရေးဖွဲ(BMA)၊ကရင်ကျန်းမာရေးနှင့်လူမှုဖုံလုံးရေးဌာန(KDHW)၊တစ်ကမ္ဘာလုံးကျမ်းမာရေးရရှိမှုအစီစဉ်(GHAP)နှင့်အမျိုးသမီးဒုက္ခသည်ကော်မရှင်တို့သည်လိင်စော်ကားခံရသည့်အမျိုးသမီးများဘဝဆက်လက်ရှင်သန်ရန်အတွက်ကျမ်းမာရေးစောင့်ရှောက်မှုကိုကျမ်းမာရေးလုပ်သားများဘေးကင်းလုံခြုံစွာကူညီဆောင်ရွက်မှုပေးနိုင်ရန်အတူတကွပူးပေါင်း၍လုပ်ဆောင်ခဲ့ကြပါသည်။အမျိုးသမီးများသည်ပဋိပက္ခဖြစ်နေသောနေရာများတွင်အဓမ္မပြုကျင့်ခံရခြင်းကဲ့သို့လိင်အကြမ်းဖက်ခံရခြင်းအန္တရာယ်ပို၍များသည်။ထိုသို့အကြမ်းဖက်မှုသည်သူတို့၏မလိုအပ်သောကိုယ်ဝန်ဆောင်ခြင်း၊အသက်အန္တရယ်မကင်းသောကိုယ်ဝန်ဖျက်ချခြင်း၊HIVအပါအဝင်လိင်မှတစ်ဆင့်ကူးစက်သောရောဂါများဖြစ်စေနိုင်သည်။ထိုသို့အန္တရာယ်ရှိစေကာမှုပဋိပက္ခဖြစ်သောနေရာများတွင်လိင်အကြမ်းဖက်ခံရပြီးရှင်သန်ခဲ့သူများအတွက်ဂရုစိုက်စောင့်ရှောက်မှုမှာကျမ်းမာရေးလုပ်သားများမှလိုလပ်သည်များကိုဖြည့်တင်းမပေးနိုင်ခြင်း၊ထောက်ပံ့ပစ္စည်းချို့တဲ့ခြင်းနှင့်ကျွမ်းကျင်လုပ်သားများ၏လုံခြုံမှုအန္တရာယ်ရှိခြင်းစသည့်များကြောင်းအကဲ့သတ်တွင်ရှိနေခဲ့ပါသည်။ကျမ်းမာရေးဌာနများနှင့်ဝေးကွာခြင်း၊အကြမ်းဖက်လိင်ဆက်ဆံခံရမှုနှင့်ဆက်နွယ်သည့်အရှက်၊သိက္ခာကျခြင်းတို့သည်လည်းဆေးဝါးစောက်ရှောက်မှုရရှိခြင်းကိုအတားဆီးဖြစ်စေပါသည်။ထိုသူများအတွက်အဖွဲ့အစည့်အခြေစိုက်စီမံကိန်းသည်ဆေးဝါးစောက်ရှောက်မှုအနိမ့်ဆုံးရရှိမှု

**လိင်အဓမ္မပြုကျင့်ခံရသည့်အမျိုးသမီးများတွက်ကရုဏာနှင့်ယုံကြည်စိတ်ချရသောစောင့်ရှောက်မှု**

- ကုသပေးခြင်း၊ အသက်အန္တရာယ်စိုးရိမ်ရသောရောဂါများကို လွှဲပြောင်းကုသစေခြင်း။
- လိင်မှတဆင့်ကူးစက်သောရောဂါများ ကြိုတင်ကာကွယ်မှုပေးခြင်းနှင့် ကုသပေးခြင်း။
- ကိုယ်ဂန်ဆောင်ခြင်းကိုလျှော့ပစ်ရန် အရေးပေါ် သန္ဓေတားခြင်းများလုပ်ဆောင်ပေးခြင်း။
- ဒဏ်ရာ၊ အနာတရဖြစ်မှုများကို ကုသပေးခြင်း။
- ဆွေးနွေးလမ်းညွှန်ပေး ခြင်းများ။
- လူမှုရေးကူညီမှုနှင့် စိတ်ကျန်းမာရေးဆွေးနွေးအကြံပေးသည့်နေရာ များသို့ လွှဲပြောင်းပေးခြင်း။

*ကမ္ဘာကျမ်းမာရေးအဖွဲ့၊လိင်အကြမ်းဖက်ခံရသူအမျိုးသမီးများကျမ်းမာရေးဆိုင်ရာဆေးဝါးကုသပေးခြင်း၊ဒုက္ခသည်များနှင့်ဒေသတွင်းနေရာပြောင်းရွှေ့ခံရသူများအတွက်ပြဒါန်းချက်ချက်ဥပဒေသ ၂၀၀၅.

အပေါ် BMAနှင့်KDHWကျမ်းမားရေးလုပ်သားများအားသင်တန်းပေးခြင်းဖြင့်ထိုစိန်ခေါ် မှုများကိုညွှန်ကြားပြောဆိုကြိုးစားခဲ့ပြီးဖြစ်ပါသည်။BMAနှင့်KDHW၏နယ်စပ်ဖြတ်ကျော်မျိုးပွားမှုဆိုင်ရာကျမ်းမာရေးစီမံကိန်းသည်ကရင်ပြည်နယ်ဆေးခန့်လေးခန့်တွင်ပြီးစီးဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

### ကျွန်ုပ်တို့ဘာတွေလုပ်ခဲ့သလဲ?

၂၀၁၁ခုနှစ်ဇူလိုင်လမှအောက်တိုဘာလအထိ၊GHAPနှင့်အမျိုးသမီးဒုက္ခသည်ကော်မရှင်သည်လိင်စော်ကားခံခဲ့ရ၍ဘဝဆက်လက်ရှင်နေသူများအတွက်ဤစီမံကိန်းသည်စောက်ရှောက်မှုရွေးချယ်ခွင့်နှင့်လုံခြုံစိတ်ချမှုရှိ၊မရှိဆိုသည်ကိုအကဲ့ဖြတ်ခဲ့ပါသည်။ထို့အပြင်ပါဝင်ပေးသည့်ကျမ်းမာရေးလုပ်သားများအကြားအုပ်စုလိုက်ဆွေးနွေးမှုများအပါဝင်၊ရိုးရာ၊ဓလေ့ကလေးမွေးပေးသူများ

၊အဖွဲ့စည်းအဖွဲ့ဝင်များနှင့်လည်းလုပ်ဆောင်ချက်များပြုလုပ်ကာစစ်ဆေးခဲ့ပါသည်။ကျမ်းမာရေးလုပ်သားများ၏တင်ပြချက်ကိုနားထောင်ခြင်းဖြင့်သူတို့၏အတွေ့အကြုံနှင့်ထင်မြင်ချက်များကိုသိရှိခဲ့ပါသည်။ကျွန်ုပ်တို့သည်တွေ့ဆုံခဲ့ပြီးသူများ၊သတင်းအချက်အလက်နှင့်အဖြစ်ပျက်များကိုတာဝန်သိနည်းလမ်းဖြင့်ကျွန်ုပ်တိုးအားမျှဝေခွင့်ပေးခဲ့သူများကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။

## ကျွန်ုပ်တို့ဘာတွေလေ့လာသိရှိခဲ့သနည်း။

အုပ်စုလိုက်ဆွေးနွေးမှုမှတုံ့ပြန်ချက်များအရရိုးရာ၊ဓလေ့ကလေးမွေးဖွားပေးသူများအားကျမ်းမာရေးအသိပညာသင်ကြားပေးရန်နှင့်အဖွဲ့အစည်းများတွင်လိင်အပေါ် အခြေခံပြီးဖြစ်သောအကြမ်းဖက်မှု၊လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့်စောင့်ရှောက်မှုရရှိခြင်းများအကြောင်းကိုသင်ကြားပေးရန်ကျမ်းမာရေးလုပ်သားများစိတ်အားထက်သန်မှုရှိနေသည်ကိုခိုင်လုံသောတတင်းအချက်လက်များရှိခဲ့သည်။ကျမ်းမာရေးလုပ်သားများမှာလည်းလိင်စော်ကားခံရခြင်းမှဘဝဆက်လက်ရပ်တည်နေသူများ၏ကိုယ်ရေးအချက်လက်များအားလျှို့ဝှက်စွာထိန်းသိမ်းထားရန်နှင့်စာနာဂရုစိုက်မှုပေးရန်လိုအပ်သည်ကိုနက်နဲ့စွာသိရှိခဲ့ပါသည်။ရိုးရာ၊ဓလေ့ကလေးမွေးဖွားပေးသူများမှလုံခြုံးရေးကိုစိုးရိမ်ဖွယ်တစ်ခုအဖြစ်အစီရင်ခံစာတင်ခဲ့သော်လည်းဂရုစိုက်ထောက်ပံ့ပေးမှုအတွက်မူအတားဆီးတစ်ခုအဖြစ်မဖော်ပြခဲ့ပါ။ကျမ်းမာရေးလုပ်သားများသည်ဤအချက်ကိုအဓိကကြောင့်ကြစိတ်ဖြစ်ခဲ့ပါသည်။စီမံကိန်းမပြုလုပ်သေးသောနေရာများတွင်ထိုအမျိုးသမီးများမှာလောလောစဉ်ရွေးချယ်မှုမရရှိသောကြောင့်ထိုနေရာများမှကျမ်းမာရေးလုပ်သားများသည်လည်းသူတိုး၏ကျွမ်းကျင်မှုကိုသူတို့၏အဖွဲ့စည်းအတွင်းဆောင်ရွက်ခွင့်ရရေးကိုလွန်စွာပင်လိုချင်သည့်စိတ်ဝင်စားမှုများပြခဲ့ကြပါသည်။လေ့လာမှုမေးခွန်းများအားဖြေကြားရန်စီမံချက်ပြုလုပ်သည့်၄-နေရာတွင်လိင်စော်ကားခံခဲ့ရ၍ဆက်လက်ရှင်သန်နေသူတစ်ဦးတစ်ယောက်မှမလာရောက်ခဲ့ကြပေ။ထိုသို့ဖြစ်ရသည်မှာစီမံကိန်းပြုလုပ်နေသောကာလအတွင်းထူးခြားသောဖြစ်ရပ်များမဖြစ်ပေါ်ခြင်းအပါအဝင်၊ကရင်ပြည်နယ်အတွင်းလိင်အကြမ်းဖက်မှု၊မုဒိန်းမှုများနှင့်ပတ်သတ်၍တုံ့ပြန်ချက်များနှင့်လိင်အကြမ်းဖက်ခြင်း၏ကျမ်းမာရေဆိုးကျိုးများကိုကြိုတင်ကာကွယ်မှုဆောင်ရွက်ချက်များကိုလူထုအနေဖြင့်များစွာမသိရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။အုပ်စုလိုက်ဆွေးနွေခြင်းနှင့်တွေ့ဆုံးမေးမြန်းခြင်းများအရဤစီမံကိန်းတို့ချဲ့လုပ်ဆောင်ခြင်းသည်လူမှုပတ်ဝန်းကျင်ကိုကျမ်းမာရေးစောင့်ရှောက်မှုပိုမိုရရှိစေမှာဖြစ်၍များစွာအကျိုးဖြစ်ထွန်းလိမ့်မည်ဟုလေ့လာသိရှိခဲ့ပါသည်။

## ကျွန်ုပ်တိုယခုဘာတွေဆက်လုပ်မည်နည်း။

အမျိုးသမီးဒုက္ခသည်ကော်မရှင်သည် အွန္တရာယ်ကျရောက်နေသောနိုင်ငံများတွင်အဖွဲ့အစည်းအခြေစိုက်ဆေးဝါးစောင့်ရှောက်မှုထောက်ပံ့ပေးနိုင်ရန်အတွက်မူဝါဒချက်မှတ်သူများနှင့်ထိုတွေ့ရှိချက်များကိုဆွေးနွေးသွားမည်ဖြစ်သည်။ဆောင်ရွက်မည့်ထောက်ခံချက်များမှာ

- စီမံကိန်းနေရာများတွင်ကျမ်းမာရေးလုပ်သားများအားလိင်အပေါ် အခြေခံပြီးဖြစ်သောအကြမ်းဖက်မှုနှင့်သူတို့၏အဖွဲ့အစည်းအတွင်းလိင်စော်ကားခံခဲ့ရ၍ဘဝဆက်လက်ရှင်သန်သူများအတွက်စောင့်ရှောက်ခြင်းကိုနိုးကြားလုပ်ဆောင်မှုပေးရန်နှင့်ဆေးဝါးစောင့်ရှောက်မှုထောက်ပံ့ပေးရာတွင်လုံခြုံမှုအတွက်ယုံကြည်ချက်ရှိရန်ဆက်လက်ကူညီထောက်ပံ့သွားမည်ဖြစ်သည်။
- လိင်အကြမ်းဖက်စော်ကားခံခဲ့ရ၍ဘဝဆက်လက်ရှင်ကျန်နေသူများစောင့်ရှောက်မှုပိုမိုရရှိရန်တခြားBMA/KDHWနေရာများတွင်အဖွဲ့အစည်းအခြေစိုက်စောင့်ရှောက်မှုတို့ချဲ့လုပ်ဆောင်သွားရန်နည်းလမ်းများစူးစမ်းရှာဖွယ်သွားမည်။.
- တခြားနေများအမျိုးမျိုးမှအခြေအနေများကိုလေ့လာသိရှိရန်အတွက်ဤချဉ်းကပ်နည်းသည်ကရင်ပြည်နယ်ကဲ့သို့အခက်အခဲဖြစ်နေသောနိုင်ငံများတွင်ဖြစ်နိုင်ခြေရှိသလားဆိုသည်ကိုစုံစမ်းစစ်ဆေးသွားမည်။

## အကယ်၍ သင်သည်ပို၍ လေ့လာသိရှိလိုပါက မည်သို့ လုပ်ဆောင်နိုင်ပါသနည်း။

မေးခွန်းများအတွက်၊ ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ BMA, KDHW နှင့် GHAP ဝန်ထမ်းများသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

နေရာရွှေ့ပြောင်းဒုက္ခသည်အမျိုးသမီးများနှင့်ကလေး၊လူငယ်များကိုစားအမျိုးသမီးဒုက္ခသည်ကော်မရှင်၏ကူညီဆောင်ရွက်ချက်များအကြောင်းကိုပိုမိုလေ့လာလိုပါက

www.womensrefugeecommission.org. (သို့မဟုတ်) info@wrcommission.org. ဆက်သွယ်နိုင်ပါသည်။

ဤစာတမ်းကို Mihoko Tanabe (အမျိုးသမီးဒုက္ခသည်ကော်မရှင်) ရေးသားပြုစု၍၊ Sandra Krause နှင့် Diana Quick (အမျိုးသမီးဒုက္ခသည်ကော်မရှင်)တို့မှ ပြင်ဆင် တည်းဖြတ်သည်။